*******************************************************

## NCGUB: News on Migrants & Refugees- 29 May, 2009 (English & Burmese)

*******************************************************

## HEADLINES

*******************************************************

**NEWS ON MIGRANTS**

**Thai Government to Issue New Work Permits for Migrant Workers**

*******************************************************

ရွှေ့ပြောင်းအလုပ်သမားများသတင်း

**ထိုင်းနိုင်ငံတွင် ဒေသအနှံ့အပြားရှိ အလုပ်သမားများကို မှတ်ပုံတင်ကဒ် ပြုလုပ်ပေး**

**ထိုင်းအာဏာပိုင်များ ဖမ်းဆီးမှုကြောင့် မြန်မာအလုပ်သမားများ တောတွင်း ထွက်ပြေးတိမ်းရှောင်နေကြရ**

ဒုက္ခသည်များသတင်း

မြန်မာဒုက္ခသည်နှင့် လူမှောင်ခိုကူးမှု

*******************************************************

# NEWS ON MIGRANTS

*******************************************************

### Thai Government to Issue New Work Permits for Migrant Workers

**Thu 28 May 2009, Jaloon Htaw, IMNA**

Thai TV Channel 3 on Monday reported that the Thai government plans to issue a large number of work permits for migrant workers, so they may stay in Thailand.

One Mon migrant worker in Bangkok told IMNA how many different industries have almost gone out of business due to a lack of available labor. They added that they thought the government had arrested many of the migrant workers.

Said the worker about the town of Maharchai, “most of the industry is there. Now they [the large factories] need 700,000 migrant workers. So the bosses asked the Thai authorities to issue work permits.” This figure was corroborated by a member of the NGO, Labour Rights Promotion Networks (LRPN), which is based in Maharchai.

In June the government will first allow those workers holding current permits to apply to extend them for another year, said a volunteer at the Raks Thai Foundation.

a volunteer at the Raks Thai Foundation reports that in July work permits will be issued by the Thai government to new migrant workers and existing workers who formerly lacked legal status. In Maharchai approximately 300,000 new permits will be issued.

New permits will cost 6,500 Baht each and extended permits will cost 4,500. Currently the work permits do not allow work or travel in other towns unless the boss has given permission. But in 2010 this will change. In 2010, the work permits that have been in effect for a full year can be redeemed into a passport that allows

unrestricted work and travel in Thailand; in addition, these permits will allow migrant workers easier travel to and from their home countries.

This will be only the third time that the Thai government has given permits to a significant number of migrant workers since they began to issue them 12 years ago, said the LRPM. There are more than 2,000,000 Burmese currently living in Thailand, along with 2,000,000 other foreigners, many from Lao and Cambodia.

"If we have a work permit card, we can go and do anything," said an exuberant migrant worker from Phuket Town.

http://www.monnews-imna.com/newsupdate.php?ID=1421

**************************************************************

## ရွှေ့ပြောင်းအလုပ်သမားများသတင်း

**************************************************************

### ထိုင်းနိုင်ငံတွင် ဒေသအနှံ့အပြားရှိ အလုပ်သမားများကို မှတ်ပုံတင်ကဒ် ပြုလုပ်ပေး

**Thu 28 May 2009, မိကျာလွန်းထော**

ထိုင်းနိုင်ငံရှိ ဒေသအနှံ့အပြားတွင် အခြားနိုင်ငံမှ လာရောက်အလုပ်လုပ်နေသော အလုပ်သမားများအတွက် ထိုင်းအစိုးရမှ အလုပ်သမားမှတ်ပုံတင်ကဒ်များ ပြုလုပ်ပေးမည်ဟု သိရသည်။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော မြန်မာအလုပ်သမားများကို ထိုင်းအစိုးရမှ အမြောက်အများ ဖမ်းဆီးလိုက်ခြင်းကြောင့် ထိုင်းနိုင်ငံအတွင်းရှိ (ကုမ္ပဏီ၊ စက်ရုံ) ပိုင်ရှင်များ အလုပ်ပိတ်လုမတတ် ဖြစ်သွားခဲ့ရသည်။ ၄င်းကိစ္စနှင့်ပတ်သက်၍ ထိုင်းစီးပွားရှင်များက မိမိတို့လုပ်ငန်း ပြန်လည် လည်ပတ်နိုင်ရန်အတွက် ထိုင်းအစိုးရနှင့် ညှိနှိုင်းပြီး အလုပ်သမားကဒ်များ ပြုလုပ်ပေးရန် စီစဉ်ခဲ့သည်ဟု ထိုင်းပုလိပ်နှင့် နီးစပ်သူ မြန်မာအလုပ်သမားတစ်ဦးက ပြောသည်။

နေရာအနှံ့အပြားတွင်ရှိသော အလုပ်သမားများကို ထိုင်းအစိုးရမှ အလုပ်သမားကဒ်ပြုလုပ်ပေးမည်ဟု လွန်ခဲ့သော တနင်္လာနေ့တွင် ထိုင်း TV channel 3 တွင် ကြေငြာခဲ့သည်။

"သူတို့က မဟာချိုင်ကို အဓိကထားပြီး လုပ်ပေးတယ်၊ အဲဒီနေရာက စက်ရုံများတယ်လေ၊ ဒါကြောင့် သူဌေးတွေက အစိုးရနဲ့ ညှိပြီးတော့ အလုပ်သမားကဒ်လုပ်ဖို့ စီစဉ်လိုက်တာ" ဟု ၄င်းက ဆက်ပြောသည်။

အလုပ်သမားမှတ်ပုံတင်ကဒ်လုံးဝမရှိသူများအတွက် လာမည့်ဇူလိုင်လတွင် ပြုလုပ်ပေးမည်ဖြစ်ပြီး ကဒ်ရှိသူများအတွက် ဇွန်လဆန်းတွင် သက်တမ်းတိုးပေးမည် ဖြစ်သည်။ အလုပ်သမားကဒ် လုံးဝမရှိသူများအတွက် တစ်ဦးလျှင် ဘတ်ငွေ (၆၅၀၀) ပေးဆောင်ရပြီး ကဒ်ရှိသူများ တစ်နှစ်သက်တမ်းတိုးရန်အတွက် ဘတ် (၄၅၀၀) ပေးဆောင်ရမည်ဖြစ်သည်။ မဟာချိုင်မြို့တွင် ပြုလုပ်ပါက မဟာချိုင်မြို့အတွင်းသို့သာ သွားလာနိုင်ကြောင်း၊ အခြားဒေသတွင်လည်း ၄င်းနည်းတူဖြစ်သည်ဟု မဟာချိုင်မြို့ မုန့်စက်ရုံရှိ မြန်မာအလုပ်သမားတစ်ဦးက ဆိုသည်။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော နိုင်ငံခြားသားအလုပ်သမားဦးရေမှာ (၃) သန်းကျော်ရှိပြီး မြန်မာအလုပ်သမား (၁) သန်းကျော်ရှိကြောင်း ယခုပြုလုပ်ပေးမည့် အလုပ်သမားကဒ်သည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော လာအို၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံမှ

အလုပ်သမားများအားလုံးအတွက် ဖြစ်ကြောင်း၊ လွန်ခဲ့သော (၁၂) နှစ်ခန့်က စတင်လုပ်ဆောင်ခဲ့သည်မှာ ယခုအချိန်တွင် (၃) ကြိမ် ရှိသွားပြီဖြစ်ကြောင်း (Labours Right Promotion Networks) NGO အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခင်က အစိုးရက အလုပ်သမားဦးရေ (၄) သိန်းကျော်ကိုသာ အလုပ်သမားမှတ်ပုံတင်ကဒ် ပြုလုပ်ပေးမည်ဟု ကြေငြာထားသော်လည်း နောက်ပိုင်းတွင် (၇) သိန်းကျော်အထိ အလုပ်သမားကဒ်များပြုလုပ်ပေးမည်ဟု ထိုင်းနိုင်ငံရှိ ရက်ထိုင်းဖောင်ဒေးရှင်းမှ volunteer တစ်ဦးက ဆိုသည်။

"ထိုင်းသူဌေးတွေက ငါးပုဇွန်ကုမ္ပဏီ၊ လေ့၊ စိုက်ခင်းစတဲ့နေရာတွေမှာ လုပ်ကိုင်နေတဲ့အလုပ်သမားတွေကို ဦးစားပေး လုပ်ပေးဖို့အတွက် ထိုင်းအစိုးရဆီမှာ အစီရင်ခံစာ တင်ထားတဲ့အတွက် အဲဒီနေရာမှာပဲ အဓိကလုပ်ပေးမှာ ဖြစ်တယ်" ဟု ၄င်းကပြောသည်။

မဟာချိုင်မြို့တွင် လူဦးရေ (၄) သိန်းခန့်အတွက် အလုပ်သမားမှတ်ပုံတင်ကဒ် လုပ်ပေးရန် လျာထားကြောင်း၊ ၄င်းမြို့တွင် ကဒ်မရှိသူအလုပ်သမားဦးရေ (၃) သိန်းနီးပါးရှိပြီး ကဒ်ရှိသူသက်တမ်း ပြန်တိုးရန်အတွက် (၇) သောင်းကျော်ကျော် ရှိသည်ဟု ထိုင်းနိုင်ငံရှိ ဥပဒေနှင့်ပတ်သက်သည့် အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ရက်ထိုင်းဖောင်းဒေးရှင်းမှ volunteer တစ်ဦးက ပြောသည်။

"မှတ်ပုံတင်ကဒ်ရှိရင် ကိုယ်သွားချင်တဲ့နေရာ သွားလို့ရတာပေါ့နော်၊ သူဌေးက ကိုယ့်ကို အာမခံပေးထားတယ်၊ တကယ်လို့ သူဌေးက အာမမခံပေးဘူးဆိုရင် ဘတ်ရှိလည်း အခြားအလုပ်ကို သွားရှာဖို့၊ အခြားမြို့ကို သွားဖို့မလွယ်တော့ဘူး" ဟု ဖူကတ်မှ အလုပ်သမားတစ်ဦးက ဆိုသည်။

ယခုပြုလုပ်ပေးသော အလုပ်သမားမှတ်ပုံတင်ကဒ်များသည် နောင်လာမည့် ၂၀၁၀ ခုနှစ်တွင် (၁) နှစ်ပြည့်လျှင် ကဒ်ရှိသူအားလုံးကို ပတ်(စ်)ပို့ဖြစ်အောင် ပြန်လည်ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပတ်(စ်)ပို့ ရရှိသွားပါက ထိုင်းနိုင်ငံ နေရာအနှံ့သို့ သွားလာနိုင်ကြောင်း (LRPN) (NGO) အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

http://www.monnews-imna.com/burmese/newsupdate.php?ID=298

*****************************************************************

## ထိုင်းအာဏာပိုင်များ ဖမ်းဆီးမှုကြောင့် မြန်မာအလုပ်သမားများ တောတွင်း ထွက်ပြေးတိမ်းရှောင်နေကြရ

**ဇော်ကြီး။**

**မေလ ၂၈ ရက်၊ ၂၀၀၉ ခုနှစ်။**

ထိုင်းနိုင်ငံအတွင်းရှိ တရားမဝင် နိုင်ငံခြားသား အလုပ်သမား နှစ်သန်းအား တရားဝင် အလုပ်သမားလက်မှတ် ပြုလုပ်ပေးရန် ထိုင်းအလုပ်သမားဝန်ကြီးဌာန၏ တင်ပြချက်အား ကက်ဘိနက်အဖွဲ့က အတည်ပြုလိုက်သည်ဟု မေလ ၂၇ ရက်နေ့ထုတ် The Nation သတင်း တရပ်၌ ဖော်ပြပါရှိသည်။

ထိုင်းနိုင်ငံအတွင်း မြန်မာ၊ လောနှင့် ကမ္ဘောဒီးယား နိုင်ငံတို့မှ လာရောက်အလုပ်လုပ် ကိုင်နေသည့် အလုပ်သမား များအား ပြုလုပ်ပေးမည်ဟု ဖော်ပြပါရှိသည်။

ထိုင်းအစိုးရ ကက်ဘိနက် ထိပ်သီးအစည်းအဝေး၏ အတည်ပြုချက်အရ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ နှောင်းပိုင်း တွင် သက်ဆိုင်ရာ ဒေသအသီးသီး၌ ထပ်မံသက်တမ်းတိုး မြှင့်သွားရန် လိုအပ်သည်ဟု သဘောတူဆုံးဖြတ် ခဲ့သည်။

မည်သည့်အချိန်မှစတင်၍ ပြုလုပ်ပေးမည်ကို အတိအကျ မသိရသေးဟု အခြေခံလူထု လူ့အခွင့်အရေး ပညာပေး ဌာန GHRE လက်ထောက် ဒါရိုက်တာ မပိုပို က ယခုလို အတည်ပြုပြောသည်။

**"သူတို့ပြောတာတော့ လတ်တလောရှိနေတဲ့ တရားမဝင် အလုပ်သမားတွေကို မှတ်ပုံတင် နိုင်ဖို့ရန် အ တွက် သူတို့ကြိုးစားသွားမယ် အလုပ်သမားတွေအနေနဲ့ကလည်း ဆက်ပြီးတော့ မှတ်ပုံတင်သွား ကြပါ။ ၂၀၁၀ ဖေဖော်ဝါရီအထိ သူတို့လက်ခံသွားမယ်။ အဲဒီနောက်ပိုင်းမှာတော့ လုံးဝ ဒီတရားမဝင် အလုပ် သမားတွေဝင်ရောက်မှုနဲ့ တရားမဝင်အလုပ်သမားတွေ ရှိနေမယ်ဆို ရင်လည်း သူတို့က တင်းကြပ်တဲ့ ဖမ်းဆီးမှုတွေနဲ့ လုပ်သွားမယ်ဆိုပြီးမှ ဒီအလုပ်သမား ဝန်ကြီးဌာနက တင်ပြတဲ့ဟာကို အစိုးရ ကက်ဘိ နက် အဖွဲ့ကနေပြီးတော့ အတည်ပြုပေးတယ်လို့ ပြောတယ်ရှင့်။"**

အလုပ်သမားမှတ်ပုံတင်ပြုလုပ်ပေးရန် အတည်ပြုပြီးသော်လည်း လုပ်ကိုင်ရမည့် အသေးစိတ် အချက်အလက် နှင့်ပတ်သက်၍ သက်ဆိုင်ရာခရိုင်၊ မြို့နယ်ရုံးများသို့ အကြောင်းကြားမှု မရှိသေးဟု မက်ဖောင်ဒေးရှင်းမှ ကိုဂျိုးက ယခုလိုပြောသည်။

**"ဝန်ကြီးဌာနက သူတို့အစည်းဝေးလုပ်တော့ သူတို့ ဇူလိုင်လမှာလုပ်မှာတော့ သေချာတယ် တဲ့။ ဒါပေ မယ့် အသေးစိတ်ကတော့ သူတို့ အော်ဒါ မဆင်းလာသေးဘူးတဲ့။ အော်ဒါဆိုတာ က ဥပမာ အဟောင်း ရှိပြီးသားလူတွေက ကျသွားတဲ့သူတွေလေ၊ extension မလုပ်ပဲနဲ့ ကျနေတဲ့သူတွေ အတွက်ကဘယ် လိုလုပ်မလဲ မရှိသေးတဲ့သူတွေကျတော့၊ ပုံစံထောရော ဆမ်ဆစ်ပျက် ဆိုတဲ့ ယာယီနေထိုင်ခွင့် လက်မှတ်အတွက် သူတို့ ဘယ်လိုစပြီးတော့ registration လုပ်မလဲပေါ့လေ။ အသေးစိတ်မသိရသေး ဘူး။ ဇူလိုင်လမှ သိရမှာ။ အဲ မြို့နယ်တွေအကုန်လုံးကို သူတို့အော်ဒါ ပေးလိမ့်မယ်လေ။"**

ယခုလ ၁၉ရက်နှင့် ၂၀ ရက်နေ့ကလည်း ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့် ပတ်သက်သည့် ဆဋ္ဌမ အကြိမ်မြောက် ထိုင်း-မြန်မာအစည်းအဝေးတရပ်ကို နေပြည်တော်ရှိ ရွှေနန်းတော်ဟော်တယ်၌ ကျင်းပခဲ့ပြီး ထိုင်း နိုင်ငံအတွင်းရှိ တရားမဝင် မြန်မာအလုပ် သမားများအား တရားဝင်ဖြစ်ရေးအတွက် ဆွေးနွေးခဲ့သည်ဟု မြန်မာ စစ်အစိုးရ နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

http://www.nmg-news.com/nmg/news280509a.html

*****************************************************************

## ဒုက္ခသည်များသတင်း

*****************************************************************

## မြန်မာဒုက္ခသည်နှင့် လူမှောင်ခိုကူးမှု

အပိုင်း (၁၂) မှာတော့ မလေးရှားက လူမှောင်ခိုကူးမှု ပြဿနာ ဘယ်လို ဖြေရှင်းနိုင်မလဲဆိုတဲ့ အကြောင်းတွေကို နိဂုံးပိုင်းအဖြစ် တင်ပြထားပါတယ်။

http://www.rfa.org/burmese/program_2/human_trafficking_feature.html

*****************************************************************